ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ပဲခူးတိုင်းဒေသကြီး

# ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် - ၇ )

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ပဲခူးတိုင်းဒေသကြီး
# ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ

(၂၀၁၅ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် – ၇)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

# ပဲခူးတိုင်းဒေသကြီး
# ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း (၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၃။ | အခန်း (၂)<br>ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ | ၃ |
| ၄။ | အခန်း (၃)<br>ကော်မရှင်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ | ၄ |
| ၅။ | အခန်း (၄)<br>ကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ | ၅ |
| ၆။ | အခန်း (၅)<br>ကော်မတီ၏ လုပ်ပိုင်ခွင့်များ | ၈ |
| ၇။ | အခန်း (၆)<br>ရေယာဉ်ပိုင်ရှင်များ၏ တာဝန်ဝတ္တရားများ | ၉ |
| ၈။ | အခန်း (၇)<br>ဘဏ္ဍာရေး | ၁၀ |
| ၉။ | အခန်း (၈)<br>ဝန်ထမ်းဖွဲ့စည်းပုံ | ၁၁ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | အခန်း (၉)<br>ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စာရင်းစစ်ဆေးခြင်း | ၁၂ |
| ၁၁။ | အခန်း (၁၀)<br>စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၁၂ |
| ၁၂။ | အခန်း (၁၁)<br>အယူခံဝင်ခြင်း | ၁၃ |
| ၁၃။ | အခန်း (၁၂)<br>ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၄ |
| ၁၄။ | အခန်း (၁၃)<br>အထွေထွေ | ၁၅ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပဲခူးတိုင်းဒေသကြီး
# ပုဂ္ဂလိကရေယာဉ်များစနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ဥပဒေအမှတ် ၇။ )

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပဲခူးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ပဲခူးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ပဲခူးတိုင်းဒေသကြီး တစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) တိုင်းဒေသကြီးဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) အစိုးရအဖွဲ့ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) ဝန်ကြီးဌာနဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) ဝန်ကြီးဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးကို ဆိုသည်၊

(င) ကြီးကြပ်ရေးအဖွဲ့ဆိုသည်မှာ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ပဲခူးတိုင်းဒေသကြီး ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်၊

(စ) ကော်မရှင်ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပေးရန်အတွက် အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော ရွေးချယ်ရေးကော်မရှင်ကို ဆိုသည်၊

(ဆ) ကော်မတီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ပဲခူးတိုင်း ဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေး ကြီးကြပ်မှုကော်မတီကို ဆိုသည်၊

(ဇ) ကော်မတီရုံးဆိုသည်မှာ ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်ရန် တည်ထောင်ထားသည့်ရုံးကို ဆိုသည်၊

(ဈ) လက်အောက်ဌာနခွဲဆိုသည်မှာ ကော်မတီမှ ဖွဲ့စည်းတာဝန် ပေးအပ်သော ခရိုင်အဆင့်၊ မြို့နယ်အဆင့် လက်အောက်ဌာနခွဲ များကို ဆိုသည်၊

(ည) ကော်မတီရုံးဝန်ထမ်းဆိုသည်မှာ ကော်မတီက နည်းဥပဒေနှင့် အညီ ခန့်ထားသူများကို ဆိုသည်၊

(ဋ) ရေယာဉ်ဆိုသည်မှာ စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ အခြား စွမ်းအင်တစ်မျိုးမျိုးဖြင့်သော်လည်းကောင်း ရေပြင်တွင် မောင်းနှင်သွားလာနိုင်သည့်ယာဉ်ကို ဆိုသည်၊

(ဌ) ရေယာဉ်လိုင်းဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်း၊ မြောင်း၊ အင်း၊ အိုင်နှင့်ဆည်များအပါအဝင် ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ဝင်ထွက်သွားလာ ပြေးဆွဲနေသော ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်သည့် ပုဂ္ဂလိကပိုင်နှင့် အသင်း၊ အဖွဲ့အစည်းပိုင် ရေယာဉ်များဖြင့် ဖွဲ့စည်းထားသော ရေယာဉ်လိုင်းကို ဆိုသည်၊

(ဍ) ရေယာဉ်အသင်းဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအတွင်း ကုန်စည်ပို့ဆောင်ခြင်း၊ ငါးဖမ်းခြင်း၊ သဲနှင့်ကျောက်စရစ်ထုတ်ယူခြင်းနှင့် အခြားစီးပွားရေးလုပ်ငန်း တစ်ခုခုသော်လည်းကောင်း၊ တစ်ခုထက်ပို၍သော်လည်းကောင်း ဆောင်ရွက်မည့် ပုဂ္ဂလိကရေယာဉ်များ ဖြင့် ဖွဲ့စည်းထားသည့်အသင်းကို ဆိုသည်၊

(ဎ) ရေယာဉ်ပိုင်ရှင်ဆိုသည်မှာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲလုပ်ကိုင်နေကြသော ရေယာဉ်ပိုင်ဆိုင်ခွင့်ရှိသည့် ရေယာဉ်၏ပိုင်ရှင်ကို ဆိုသည်၊

(ဏ) ရေယာဉ်လုပ်သားဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့် ပုဂ္ဂလိကရေယာဉ်တွင် လုပ်ကိုင်ဆောင်ရွက်နေသော သက်ဆိုင်ရာဌာနမှ အသိအမှတ်ပြုထားသည့် ရေယာဉ်အုပ်၊ စက်ခန်းအုပ်အပါအဝင် ရေယာဉ်တွင် တာဝန်ထမ်းဆောင်နေသူအားလုံးကို ဆိုသည်။

## အခန်း (၂)

## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃။ ကြီးကြပ်ရေးအဖွဲ့အား သက်ဆိုင်ရာ ဝန်ကြီးဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးအား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဌာနများ၏ တိုင်းဦးစီးမှူးများအား အဖွဲ့ဝင်အဖြစ်လည်းကောင်း ဖွဲ့စည်းရမည်။

၄။ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ခ) ရေယာဉ်လုပ်ငန်း လုပ်ကိုင်သူများ၊ ရေယာဉ်ပိုင်ရှင်များနှင့် ရေယာဉ်လုပ်သားများ၏ ရပိုင်ခွင့်များ၊ အခက်အခဲများကို စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရေးအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိ ကြီးကြပ် ဆောင်ရွက်ရန်၊

(ဃ) ရေယာဉ်များ ရေယာဉ်စည်းကမ်း၊ ရေကြောင်းဆိုင်ရာ စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းဖြင့် ရေယာဉ်မတော်တဆမှု လျော့နည်းပပျောက်စေရန်။

## အခန်း (၃)
## ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ အစိုးရအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေး ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပေးရန်အတွက် ကော်မရှင်ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းပေးရမည်။

၆။ ကော်မရှင်သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် –

(က) ယှဉ်ပြိုင်အရွေးခံမည့် ကော်မတီဝင်လောင်းအား ကော်မရှင်က ထုတ်ပြန်ထားသော သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ရန်၊

(ခ) ခရိုင်သည် ရေယာဉ်အသင်း၊ ကုန်တင်ရေယာဉ်အသင်းနှင့် စက်မြင်းကောင်ရေ (၂၀) အောက် စက်တပ်ရေယာဉ်၊ အသင်းများသည် ကြီးကြပ်ရေးအဖွဲ့ ကော်မတီဝင်လောင်းဦးရေကို ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်ရန်၊

(ဂ) ကော်မတီရွေးချယ်ရေးအစည်းအဝေး မကျင်းပမီ ရက်သတ္တပတ် (၂) ပတ် ကြိုတင်၍ ဖိတ်ကြားရန်၊

(ဃ) နေ့ရက်၊ အချိန်၊ နေရာသတ်မှတ်ပြီး ရွေးချယ်တင်မြှောက်ပွဲကျင်းပရန်၊

(င) ကော်မတီရွေးချယ်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ တက်ရောက်ခွင့်ရှိသည့် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်ပိုင်ရှင်များ၏ ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်း တက်ရောက်မှသာ ရွေးချယ်ပွဲကျင်းပရန်နှင့် အထမမြောက်သဖြင့် ရွေးချယ်ပွဲ ထပ်မံကျင်းပ ပါက တက်ရောက်ခွင့်ရှိသည့် ဦးရေ၏ ၅၀ ရာခိုင်နှုန်းနှင့် အထက် တက်ရောက်မှသာ ရွေးချယ်ပွဲကျင်းပရန်၊

(စ) ရွေးချယ်ခြင်းခံရသည့် ကော်မတီဝင်အမည်စာရင်းကို ကြေညာရန်။

## အခန်း (၄)

## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ကော်မရှင်သည် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ရေယာဉ်ပိုင်ရှင်များက နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ကော်မတီဝင်အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးအထိ ပါဝင်ဖွဲ့စည်းရမည်၊

(ဂ) ပုဒ်မခွဲ (က) အရ ရွေးချယ်ခံရသူများက ၎င်းတို့အထဲမှ ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်ရမည်၊

(ဃ) ကော်မတီသည် ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့အား တာဝန်ခံရမည်၊

(င) ကော်မတီ၏ သက်တမ်းမှာ ဖွဲ့စည်းအတည်ပြုသည့်နေ့မှစ၍ ၂ နှစ် ဖြစ်သည်၊

(စ) ကော်မတီဝင်တစ်ဦးသည် ကော်မတီသက်တမ်း နှစ်ကြိမ်အထိသာ တစ်ဆက်တည်း ရွေးချယ်ခံပိုင်ခွင့်ရှိသည်၊

(ဆ) ကော်မတီဝင်လစ်လပ်ပါက သတ်မှတ်ချက်များနှင့်အညီ အစားထိုး ရွေးချယ်ပေးရမည်၊

(ဇ) အသစ်ခန့်ထားသည့်ကော်မတီဝင်၏ သက်တမ်းသည် ကျန်ရှိသည့် ရာထူးသက်တမ်းကာလအတွက်သာ ဖြစ်ရမည်၊

(ဈ) ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲနိုင်ခွင့်နှင့် တရားစွဲဆို ခံနိုင်ခွင့် ရှိစေရမည်။

၈။ ကော်မတီသည် အောက်ဖော်ပြပါလုပ်ငန်းတာဝန်များကို အကောင် အထည်ဖော် ဆောင်ရွက်ရမည် -

(က) ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ သယ်ယူ ပို့ဆောင်သည့် ရေယာဉ်များနှင့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်သည့် ရေယာဉ်များကို ကော်မတီ၏ စီမံခန့်ခွဲမှုအောက်သို့ ပိုမိုဝင်ရောက်လာနိုင်စေရေး စည်းရုံးဆောင်ရွက်ရမည့်အပြင် ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်ပိုင်ရှင်များ၏ လုပ်ငန်း ဆိုင်ရာလိုအပ်ချက်များကိုလည်း ကူညီဆောင်ရွက်ပေးရမည်၊

(ခ) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ရေယာဉ်လိုင်းများ သတ်မှတ်ခြင်း၊ အသစ်ဖွင့်စည်းခြင်း၊ ရေယာဉ်လိုင်းများ တိုးချဲ့ခြင်း သို့မဟုတ် ပြောင်းလဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း၊ ရေယာဉ်စင်းရေ ပြောင်းလဲခြင်း၊ ရေယာဉ်အမျိုးအစားပြောင်းလဲခြင်း၊ ရေယာဉ်အသင်းများ ဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတို့ကို ကြီးကြပ်ရေးအဖွဲ့မှ တစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ရမည်၊

(ဂ) ရေယာဉ်ဆိုက်ကပ်သည့် ဆိပ်ကမ်းနေရာများ အသစ်တိုးချဲ့ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့ထံသို့တင်ပြ၍ ခွင့်ပြုချက် ရယူကာ ဆောင်ရွက်ရမည်၊

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုလက်အောက်ရှိ ရေယာဉ်ကို လက်ရှိရေယာဉ်လိုင်းမှ အခြားရေယာဉ်လိုင်း၊ လက်ရှိရေယာဉ်အသင်းမှ အခြားရေယာဉ်အသင်းသို့ ပြောင်းရွှေ့ပေးနိုင်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက် ရယူကာ ဆောင်ရွက်ရမည်၊

(င) ကော်မတီသည် ခရီးသည်ပို့ဆောင်ခ၊ ကုန်စည်ပို့ဆောင်ခနှုန်းထားများကို လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် သင့်လျော်သောနှုန်းထား သတ်မှတ်ပေးနိုင်ရေး ကြီးကြပ်ရေးအဖွဲ့သို့ တွက်ချက်ပုံနှင့်တကွ အဆိုပြုတင်ပြပြီး အတည်ပြုချက်ရယူရမည်၊

(စ) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးရမည်၊

(ဆ) ကော်မတီအစည်းအဝေးကို အခါအားလျော်စွာ ကျင်းပရမည်၊

(ဇ) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပပေးရမည်၊ အစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်းများကို ဝန်ကြီးထံ တင်ပြရမည်၊

(ဈ) အစိုးရအဖွဲ့မှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၅)
## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၉။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ကော်မတီရုံးနှင့် လက်အောက်ဌာနခွဲများအား ကြီးကြပ်ခြင်း၊

(ခ) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် ဝန်ထမ်း များအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လိုအပ်ပါက ကြီးကြပ်ရေး အဖွဲ့ထံ တင်ပြဆောင်ရွက်ခြင်း၊

(ဂ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ဌာနခွဲများ၊ ဝန်ထမ်းများ၊ ရေယာဉ်လိုင်းများ၊ ရေယာဉ်အသင်းများ၊ ဆိပ်ကမ်းများ၊ ရေယာဉ်များနှင့် ရေယာဉ်လုပ်သားများလိုက်နာရန် စည်းကမ်း သတ်မှတ်ပေးခြင်း၊

(ဃ) ဝန်ထမ်းများ ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် အရေးယူ အပြစ်ပေးခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စများအပေါ် စီမံ ခန့်ခွဲခြင်း၊

(င) အစိုးရအဖွဲ့မှ အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့် များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၆)

## ရေယာဉ်ပိုင်ရှင်များ၏ တာဝန်ဝတ္တရားများ

၁၀။ ရေယာဉ်ပိုင်ရှင်များသည် –

(က) ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မတီ၏ စီမံခန့်ခွဲမှုများကို လိုက်နာရမည်၊

(ခ) ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကောက်ခံသော မှတ်ပုံတင်ကြေး၊ စည်းကြပ်ခများအား ပေးသွင်းရမည်၊

(ဂ) မိမိပိုင်ဆိုင်သည့်ရေယာဉ်အား ရေယာဉ်လိုင်စင် သို့မဟုတ် ရေယာဉ်မှတ်ပုံတင်လက်မှတ်၊ လုပ်ငန်းလိုင်စင်များ ပြည့်စုံစွာ ရယူရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများတွင် သတ်မှတ် အခွန်အခများ ပေးဆောင်ပြီးမှသာ လုပ်ငန်းဆောင်ရွက်ရမည်၊

(ဃ) မိမိပိုင်ဆိုင်သည့်ရေယာဉ်အား ထိန်းကျောင်းမောင်းနှင်သူသည် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ရေယာဉ်အမျိုးအစား သတ်မှတ်ချက်များနှင့် ကိုက်ညီသော ကျွမ်းကျင်မှုလက်မှတ်ရရှိထားသူများ သို့မဟုတ် ရေယာဉ် မောင်းနှင်ခွင့် လက်မှတ်ရရှိသူဖြစ်ရမည်၊

(င) မိမိပိုင်ဆိုင်သည့် ရေယာဉ်ပျက်စီးမှုတွင်လည်းကောင်း၊ ရေယာဉ် လုပ်သားများနှင့် ခရီးသည်များ၏ အသက်အန္တရာယ်နှင့် ကိုယ်အင်္ဂါ ထိခိုက်ဆုံးရှုံးမှုများတွင်လည်းကောင်း၊ ရေယာဉ်ပေါ်ရှိ ကုန်ပစ္စည်း များ ပျက်စီးဆုံးရှုံးမှုများတွင်လည်းကောင်း တာဝန်ရှိပြီး ထိုသို့ ဖြစ်ပေါ်မှုမရှိစေရန် သက်ဆိုင်ရာဌာနများမှ ချမှတ်ထားသည့် စည်းကမ်းချက်များကို အစဉ်လိုက်နာဆောင်ရွက်ရမည်၊

(စ) ဒေသတွင်း ရေကြောင်း သို့မဟုတ် ရေပြင်နှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ် သို့မဟုတ် အရေးပေါ် အခြေအနေ

ပေါ်ပေါက်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သော ကယ်ဆယ်ထောက်ပံ့ရေးတာဝန်များကို ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မိမိပိုင်ရေယာဉ်ဖြင့် ထမ်းဆောင်ရန် တာဝန် ရှိသည်။

## အခန်း (၇)

## ဘဏ္ဍာရေး

၁၁။ ကော်မတီသည် -

(က) နည်းဥပဒေများနှင့်အညီ ရှာဖွေရရှိသော မိမိ၏ ရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်၊

(ခ) ကော်မတီမှကောက်ခံရန်ရှိသည့် နည်းဥပဒေပါ သတ်မှတ် ရန်ပုံငွေများကို ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ရမည်၊

(ဂ) ရန်ပုံငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ ကော်မတီ၏ လုပ်ငန်းများတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲရမည်၊

(ဃ) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကော်မတီ၏ရန်ပုံငွေကို သုံးစွဲဆောင်ရွက်ရမည်၊

(င) ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ကော်မတီ၏လုပ်ငန်းများတွင် သုံးစွဲနိုင်သည်၊

(စ) ရန်ပုံငွေရရှိစေရန် နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲ နိုင်သည်၊

(ဆ) ရှုံးအကြီးအကဲက ရေးဆွဲတင်ပြသော နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းကို စိစစ်ပြီး ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရ အဖွဲ့ထံ တင်ပြပြီး အတည်ပြုချက်ရယူရမည်၊

(ဇ) ကော်မတီ၏ ဘဏ္ဍာရေးအခြေအနေနှင့် ရငွေ၊ သုံးငွေစာရင်း တို့ကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သက်ဆိုင်ရာ စာရင်းစစ် အဖွဲ့၏ စစ်ဆေးမှုကို ခံယူ၍ စစ်ဆေးတွေ့ရှိချက်နှင့်အတူ ရက်ပေါင်း (၃၀) အတွင်း ကြီးကြပ်ရေးအဖွဲ့ မှတစ်ဆင့် အစိုးရ အဖွဲ့ထံ တင်ပြရမည်၊

(ဈ) လစဉ် ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြား ရန်ပုံငွေများနှင့် အသုံးစာရင်းများအတွက် လချုပ်ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများကို စစ်ဆေးခံနိုင်ရန် ပြုစုထားရှိရမည့်အပြင် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးတွင် တင်ပြရမည်၊

(ည) စုဆောင်းထားရှိမည့် ရန်ပုံငွေများကို လုပ်ငန်းတိုးတက်စေရန်နှင့် ရန်ပုံငွေတိုးပွားစေရန် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံနိုင်သည်။

## အခန်း (၈)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၂။ ကော်မတီသည် –

(က) လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်၊

(ခ) ကော်မတီဝန်ထမ်းများကို တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်သည်၊

(ဂ) ဝန်ထမ်းများခန့်ထားရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေ၏ ၃၅ ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲ၍ ခန့်ထားခြင်း မပြုရ၊

(ဃ) ဝန်ထမ်းများကို တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့် အညီ ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်နိုင်သည်။

## အခန်း (၉)

## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၁၃။ ကော်မတီသည် ကော်မတီရုံး၏ လုပ်ငန်းစာရင်းဇယားများနှင့် ရငွေ၊ သုံးငွေစာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်း၊ စစ်ဆေးခံခြင်းတို့ပြုနိုင်ရန်အလို့ငှာ ငွေစာရင်း လုပ်ထုံးလုပ်နည်းများကို ကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့်ညှိနှိုင်း၍ သတ်မှတ်ပေးရမည်။

၁၄။ ရုံးအကြီးအကဲသည် -

(က) ကော်မတီကသတ်မှတ်ထားရှိသည့် ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကော်မတီရုံး၏ လုပ်ငန်းစာရင်းဇယားများနှင့် ရငွေ၊ သုံးငွေစာရင်းများကို နည်းလမ်းတကျ စာရင်းပြုစုထားရှိရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ပြုစုထားသည့်စာရင်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးက တာဝန်ပေးအပ်သူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၁၀)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၅။ ကော်မတီသည် ဤဥပဒေအရ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သောသူ၊ ဖောက်ဖျက်ကျူးလွန်ခြင်းပြုသူ သို့မဟုတ် ထိုသို့ပြုသော ရေယာဉ်ပိုင်ရှင် သို့မဟုတ်

ရေယာဉ်လိုင်း သို့မဟုတ် ရေယာဉ်အသင်းအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ခုခုအား ချမှတ်နိုင်သည် –

(က) သတိပေးခြင်း၊

(ခ) ဒဏ်ငွေ အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ ဒဏ်ငွေတပ်ရိုက်ခြင်း၊

(ဂ) ကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်အရ လုပ်ငန်းဆောင်ရွက်ခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

## အခန်း (၁၁)

## အယူခံဝင်ခြင်း

၁၆။ ပုဒ်မ ၁၅ အရ ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း –

(က) ကြီးကြပ်ရေးအဖွဲ့ထံသို့ အယူခံဝင်နိုင်သည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့သည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကော်မတီမှ ချမှတ်သောအမိန့်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၇။ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အပေါ် အယူခံဝင်ခြင်းနှင့်စပ်လျဉ်း၍–

(က) အရေးယူခံရသူသည် ကော်မတီမှချမှတ်ထားသော အမိန့်အား လိုက်နာဆောင်ရွက်ပြီးမှသာ အယူခံဝင်ခွင့်ရှိသည်၊

(ခ) အယူခံဝင်သည့် ကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်း မပြုရ၊

(ဂ) ကြီးကြပ်ရေးအဖွဲ့က အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ချမှတ်သော အမိန့်သည် အပြီးအပြတ်ဖြစ်စေရမည်။

၁၈။ ဤဥပဒေအရ တရားရုံးများကချမှတ်သော ပြစ်ဒဏ်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား မကျေနပ်သူသည် ဥပဒေကြောင်းအရ အဆင့်ဆင့် အယူခံ ဝင်မှု၊ ပြင်ဆင်မှုတင်သွင်းနိုင်သည်။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၉။ မည်သူမဆို ကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းတစ်ဦးဦးက ကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် သို့မဟုတ် တာဝန်ဝတ္တရားဆောင်ရွက်ရန် အားထုတ်နေစဉ် တွင် ထိုကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းကို ဟန့်တားနှောင့်ယှက်မှု၊ လက်ရောက်မှု၊ အနိုင်အထက်ပြုမူမှု ကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများမှ တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၃)

## အထွေထွေ

၂၂။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ၊ ၁၉၆၄ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ ၁၉၆၅ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ စည်းကမ်းများအား ဆက်လက်ကျင့်သုံးနိုင်သည်။

၂၃။ ပုဒ်မ ၁၅ အရ အရေးယူသည့်ပြစ်မှုများမှအပ ကျန်ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၄။ ကော်မတီသည် မိမိ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိ၏လက်အောက်ရှိ ဌာနခွဲတစ်ခုကိုဖြစ်စေ၊ ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်နိုင်သည်။

၂၅။ ကော်မတီတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် အစိုးရအဖွဲ့ကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၆။ ကော်မတီဝင်၊ ရုံးအကြီးအကဲနှင့် ကော်မတီဝန်ထမ်းတို့သည် ဤဥပဒေသို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သောအခါတွင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၇။ ကော်မတီသည် ဤဥပဒေပြဋ္ဌာန်းချက်များထဲမှ အချက်တစ်ချက်ကိုသော်လည်းကောင်း၊ စာပုဒ်တစ်ပုဒ်ကိုသော်လည်းကောင်း၊ စာလုံးတစ်လုံးကိုသော်လည်းကောင်း၊ ကာလဒေသနှင့်အညီ လိုက်လျောညီထွေမှုရှိစေရန်အတွက်လည်းကောင်း၊ မိမိ၏လက်အောက်ရှိ ရေယာဉ်လိုင်းများ၊ ရေယာဉ်အသင်းများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများ၏ အကျိုးစီးပွားအတွက်လည်းကောင်း၊ ခရီးသွားပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံချောမွေ့

စေရေးတို့အတွက်လည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း ဦးတည်လျက် ပြင်ဆင်လိုခြင်း၊ ဖြည့်စွက်လိုခြင်းတို့ကို ပြုလုပ်လိုပါလျှင် ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့ထံသို့ တင်ပြရမည်။

၂၈။ ဝန်ကြီးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် –

(က) လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သောအမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ညာဏ်ဝင်း
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့